
လျှို့ဝှက်ဆန်းကြယ် စာပေမှာ ယနေ့ NO (1)
မင်းမြတ်သူရ
မုန်တိုင်းကျွန်း

# မင်းမြတ်သူရ

# မုန်တိုင်းကျွန်း

# အကျဉ်းချုပ်

ဂျပန်လက်အောက်ခံဘဝ မြန်မာနိုင်ငံ... ဒေါက်တာဘမော်အစိုးရလက်ထက်..

မက်ဆိုပိုတေးမီးယား စစ်ပြန် ဂျမဒါစိုးအောင် တစ်ဖြစ်လဲ အင်္ဂလိပ်သူလျှိုတစ်ဦး...

မျိုးချစ်စိတ်ပြင်းထန်ပြီး တိုင်းပြည်ကို ဖက်ဆစ်သားကောင်ဘဝက လွတ်မြောက်စေလိုသော စေတနာရှိသူ စိုးအောင်၏ ခြေလှမ်းများက တိကျရဲရင့်သလို ရက်စက်ပြတ်သားသည်မို့ ဂျပန်စစ်ဗိုလ်ချုပ်များကို ခြိမ်းခြောက်လာနိုင်ခဲ့သည်....

ထိုအခါ မေဂျာစိုးအောင်ကို ဖမ်းဆီးဖို့ တာဝန်ပေးအပ်ခြင်းခံရသူ အင်စပက်တော်လှမိုးက သူ့ကို သဲကြီးမဲကြီး ခြေရာခံလိုက်သောအခါ....

စက်လှေနှင့် ထွက်အပြေး မုန်တိုင်းကျွန်းဟု နာမည်ရသော ကျွန်းတစ်ကျွန်းပေါ်သို့ လှိုင်းလေနှင့်အတူ မျောပါသွားသည့်နောက်.....

♥ ♥ ♥

၁၉၄၁ ခုနှစ် အကုန်၌ ဂျာမဏီ၊ အီတလီတို့၏ မဟာမိတ်ဂျပန်သည် ဒုတိယကမ္ဘာစစ်ကြီးထဲကို ဝင်ရောက်လာပြီး ဗြိတိန်၊ အမေရိကန်၊ ပြင်သစ်တို့၏ ကိုလိုနီများကို ရက်လပိုင်းလေးအတွင်း၌ ပင် သိမ်းပိုက်နိုင်ခဲ့လေ၏။

ဗြိတိန်သျှကိုလိုနီဖြစ်နေသော မြန်မာနိုင်ငံကိုလည်း ဗမာလွတ်လပ်ရေးတပ်မတော်၏ အကူအညီဖြင့် ၆ လ အတွင်း သိမ်းပိုက်နိုင်ခဲ့လေ၏။

ဂျပန်တပ်များ မော်လမြိုင်ကို သိမ်းပိုက်ပြီးနောက် မြန်မာ့လွတ်လပ်ရေးပေးပါမည်ဟု ကြေညာထားသော်လည်း ကတိမတည်ဘဲ မြန်မာတစ်ပြည်လုံးကို ဖက်ဆစ်စနစ်အောက်သို့ သွတ်သွင်းပစ်ခဲ့၏။

အာရှတိုက်သာ တူညီရေးရာဟု ကြွေးကြော်ပြီး အပြောနှင့်အလုပ်မညီဘဲ မြန်မာ တစ်မျိုးသားလုံးကို ညှင်းပန်းနှိပ်စက်ခဲ့လေ၏။

ဂျပန်တို့သည် ဗြိတိသျှကိုလိုနီများနှင့် ခြားနားမှုမရှိဘဲ အမ်ဘီကေနှင့် အမ်အက်(စ်)ကေကဲ့သို့ ဂျပန်ကုမ္ပဏီကြီးများက မြန်မာ့စီးပွားရေးကို ခေါင်းပုံဖြတ် အမြတ်ထုတ်ခဲ့လေ၏။

ထိုနောက် ဂျပန်တို့က မြန်မာပြည်ကို အတုအယောင် လွတ်လပ်ရေးပေးပြီး အဓိပတိ ဒေါက်တာဘမော်ကို စစ်သေနာပတိချုပ် ခန့်အပ်လိုက်လေ၏။

ယခုဇာတ်လမ်းသည် ဂျပန်ခေတ် ဒေါက်တာဘမော် အစိုးရလက်ထက်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်၏။

♥ ♥ ♥

စိုးအောင်သည် ကမ်းနားလမ်းအတိုင်း လျှောက်လှမ်းလာရင်း စထရင်းဟော်တယ်ရှေ့ကို ရောက်သောအခါ ဂျပန်အရာရှိကြီးများကို လက်ချင်းချိတ်ထွက်လာသော မြန်မာမိန်းမချောများကို တွေ့ရလေ၏ ။

ငွေတွေ ဂုဏ်တွေ နောက်လိုက်တဲ့ မြန်မာမတွေ ဒီလိုပါပဲ၊ အင်္ဂလိပ်ခေတ်တုန်းကလည်း မျက်နှာဖြူတွေကို လက်ချင်းချိတ်ကြတယ်။

ဟော .. ဂျပန်ခေတ်ရောက်တော့လည်း ဂျပန်တွေကို လက်ချင်းချိတ်ပြန်ပြီ။

သူသာအုပ်စိုးသူ အရှင်သခင်ဖြစ်ရင် ဒီမိန်းမတွေကို ထောင်သွင်းအကျဉ်းချပစ်မယ်ဟု မဆီအဆိုင်တွေးလိုက်လေ၏ ။

စိုးအောင်သည် ကမ်းနားလမ်းမှ ဘုန်းကြီးလမ်းဘက်သို့ ချိုးကွေ့ပြီး သုံးထပ်တိုက်တစ်တိုက်၏ အပေါ်ဆုံးထပ်သို့ တက်ခဲ့လေ၏ ။

သူသည် သုံးထပ်တိုက်အပေါ်ဆုံးရှိ ခေါင်မိုးထပ်ကို ငှားရမ်းပြီးနေထိုင်ခဲ့၏ ။

သုံးထပ်တိုက်ကြီး၏ ပိုင်ရှင်မှာ မကျင်လွမ်ဆိုသော တရုတ်အမျိုးသမီးတစ်ဦး ဖြစ်၏ ။

မကျင်လွမ်သည် အပျိုကြီး အမည်ခံယူထားသော်လည်း ဘုံကျောင်းရှိ တရုတ်လူငယ်လေးတစ်ယောက်နှင့် တိတ်တခိုး ဖြစ်ဖူးသဖြင့် အပျိုမစစ်ဟု ဆိုကြ၏ ။

သို့သော် မကျင်လွမ် အပျိုစစ်ခြင်းမစစ်ခြင်းသည် မိမိနှင့် မဆိုင်လှချေ။

အရေးကြီးသည်မှာ မကျင်လွမ် မိမိနှင့် ကင်းကင်းရှင်းရှင်းနေပြီး အလုပ်မှာ ဝင်မရှုပ်ဖို့ပဲ ဖြစ်လေ၏ ။

စိုးအောင်သည် စနေ တနင်္ဂနွေနေ့များ၌ အဘွားစုရှိသော

သံလျင်ဘက်သို့ သွားလည်လေ့ရှိသည်ဟု မကျင်လွမ်ကို သတင်းလွှင့်ထားလေ၏ ။

သို့သော်အဖြစ်မှန်မှာ စိုးအောင်၌ သံလျင်ဘက်ရှိ အသွားလည်း မရှိချေ။

ထို့ကြောင့် သံလျှင်သို့မည်သည့်အခါ သွားရောက်ခြင်းမရှိဘဲ အင်းစိန်ဘက်ရှိ မိမိလျှို့ဝှက်ငှားရမ်းထားသော အိမ်ကလေး၌ သွားရောက်နေထိုင်လေ၏ ။

စိုးအောင်သည် အင်းစိန်ဘက်၌ ကရင်အိမ်တစ်လုံးကို ငှားရမ်းကာ မိမိကိုယ်မိမိနယ်လှည့်ဆေးရောင်းသမားတစ်ယောက်ဟု အမည်ခံထားလေ။

အင်းစိန်ပတ်ဝန်းကျင်ရှိ ကရင်လူမျိုးများသည် စိုးအောင်ကို စနေ၊ တနင်္ဂနွေနေ့များကလွဲပြီး ကျန်သောနေ့များတွင် မမြင်ရဘဲ နယ်တကာလှည့်ပြီး ဈေးရောင်းနေသည်ဟု ထင်မြင်ကြလေ၏ ။

ကျန်သောနေ့များတွင် ဘုန်းကြီးလမ်းနေအိမ်၌ နေထိုင်ခြင်းကို မည်သူမျှရိပ်စားမိခြင်းမရှိချေ။

စိုးအောင်ဘုန်းကြီးလမ်းအိမ်ပေါ်ထပ်သို့ ရောက်သောအခါ မကျင်လွမ်ကို တံခါးဝမှာ ဘွားခနဲတွေ့လိုက်ရပြီး

“ ကိုစိုးအောင် ပြန်လာပြီလား ”

ဟုနှုတ်ဆက်လိုက်ရာ စိုးအောင်က စကားမတုံ့ပြန်ဘဲ ခေါင်းကိုသာ ညိတ်ပြလိုက်လေ၏ ။

သူမ၏ တစ်ရစ်သော ကိုယ်ခန္ဓာပေါ်၌ ပါးလွှာသော ဇာအင်္ကျီနှင့် အနက်ရောင်ပိုးထည်လုံချည်ကို ဝတ်ဆင်ထားလေ၏ ။

မကျင်လွမ်သည် အရာရာကို စူးစမ်းချင်သော စရိုက်ရှိ၏ ။

ထိုစရိုက် ကိုစိုးအောင်အကြောက်ဆုံးဖြစ်၏ ။

ထို့ကြောင့် သူမနှင့် ရင်းနှီးရန် မကြိုးစားခဲ့ချေ။

စိုးအောင် အပေါ်ဆုံးထပ် လှေခါးဝရောက်သည်အထိ မကျင်လွမ်သူ့နောက်ကိုစူးစိုက်ကြည့်နေလေ၏ ။

♥ ♥ ♥

မကျင်လွမ်သည် တစ်ယောက်တည်းကျန်နေသော အချိန်၌ စိုးအောင်အကြောင်း စဉ်းစားနေလေ၏ ။

စိုးအောင် အဘယ်ကြောင့် သူမကို ရှောင်ဖယ်ဖယ် လုပ်နေသည် မသိချေ။

အမှန်စင်စစ် သူမကဲ့သို့ မိန်းမချောလေးတစ်ယောက်ကို စိုးအောင်ငြင်းဆန်ရန်အကြောင်းမရှိချေ။

မကျင်လွမ်သည် လွန်ခဲ့တဲ့နှစ်က ဘုံကျောင်းရှိ တရုတ်လူငယ်လေးအမိန်းနှင့် ဖြစ်ခဲ့ခြင်းကို သတိရ၏ ။

အမိန်းကြောင့် သူမ၏ ဘဝခဏတာ ပျော်ရွှင်ကြည်နူးမှုရခဲ့သော်လည်း အမိန်းသည် အချစ်ထက် ဘိန်းကို ပိုမက်သော လူငယ်ဖြစ်သဖြင့် အသည်းနာနာနှင့် ခွဲခွာခဲ့ရလေ၏ ။

ယခုတော့ ဘိန်းစား အမိန်းတစ်ယောက် ငယ်ငယ်ရွယ်ရွယ်နှင့် ငရဲပြည်ကို ရောက်သွားလေပြီ။

ထိုအချိန်ကစပြီး မကျင်လွမ်၏ ဘဝ အထီးကျန် ဖြစ်ခဲ့ရ၏ ။

စိုးအောင်၏ အသက်အရွယ်သည် သူမနှင့် အတိမ်းမယိမ်းဖြစ်သဖြင့် အမိန်းထက်စာလျှင် ပိုမိုတည်ငြိမ်ရင့်ကျက်မည်ထင်၏ ။

ထို့ကြောင့် စိုးအောင်ကို သူမစိတ်ဝင်စားနေမိ၏ ။

စိုးအောင်ကဲ့သို့ ယောကျ်ားပီသသော လူတစ်ယောက်အတွက် ဆန့်ကျင်ဘက် မိန်းမလှတစ်ယောက်အနီးမှာ ရှိနေရန် လိုအပ်၏ ။

ထိုမိန်းမသည် သူမ ကိုယ်တိုင်ပင်ဖြစ်မည်ဟု ထင်မြင်၏ ။

ထို့ကြောင့် စိုးအောင် အိပ်ခန်းရှိရာ အခန်းသို့ သူမ ကိုယ်တိုင်ပင် အရဲစွန့်ပြီး တက်သွားလျှင်ကောင်းမည်ဟု တွေးမိ၏ ။

♥♥♥

မကျင်လွမ်သည် ရေးဟောင်းမှန်ကြီး၏ ရှေ့၌ သူမကိုယ်သူမကြည့်ပြီး သိမ်သောခါးနှင့် စွင့်ကားသောတင်ကို မြင်သောအခါရင်ထဲတွင် ကျေနပ်သွားလေ၏ ။

သူမ၏ အလှကို ယောကျ်ားသားများ စွဲမက်လောက်၏ ။

စိုးအောင်လည်း ဘာသားနဲ့ ထုထားလို့လဲဟုတွေးကာ အပေါ်ထပ်သို့တက်ရန် စိတ်အားတက်ကြွသွားလေ၏ ။

စိုးအောင်၏ မျက်လုံးများသည် တစ်စုံတစ်ရာကို လိုလားတောင့်တနေပုံရသည်ဟုလည်း ထင်မြင်မိလေ၏ ။

ထိုအရာကို သူမ သိမြင်သလိုလည်းရှိ၏ ။

မကျင်လွမ်သည် နောက်ဆုံးတွင် စိုးအောင်၏ ခေါင်မိုးထပ်အခန်းသို့ အရဲစွန့်ပြီး တက်သွားလေ၏ ။

သူမသည် စိုးအောင် အခန်းရှေ့သို့ရောက်သောအခါ အပျိုမလေးတစ်ယောက်ကဲ့သို့ ရင်ခုန်ပြီး တံခါးကို မခေါက်နိုင်ဘဲဖြစ်နေလေ၏ ။

အတန်ကြာမှ တံခါးကို ဖြည်းဖြည်းလေးခေါက်လိုက်သောအခါ အထဲမှ တုံ့ပြန်သံထွက်လာလေ၏။

“ ဘယ်သူလဲ ”

မကျင်လွမ်က လေသံတီးတိုးနှင့်

“ ကျွန်မပါ၊ မကျင်လွမ်ပါ ”

ဟုဖြေလိုက်၏။

ထိုအခါ စိုးအောင်က

“ ကျွန်တော်ရေချိုးရက်တန်းလန်းကြီးဖြစ်နေလို့ခဏစောင့်ပါ ” ဟု ဖြေသံကြားရ၏။

မကျင်လွမ်သည် စိုးအောင်၏ သန်မာထွားကြိုင်းသော ကိုယ်ခန္ဓာကို မြင်ယောင်ပြီး ရမ္မက်စိတ်များ ဆူဝေသွားလေ၏။

ထို့ကြောင့် စိုးအောင် တံခါးဖွင့်ခြင်းကို မစောင့်နိုင်တော့ဘဲ သူမကိုယ်ပိုင် အခန်းသော့ကို ယူပြီး တံခါးကို အလောတကြီး ဖွင့်လိုက်၏။

ထိုအခါ အခန်းထဲတွင် မမျှော်လင့်ဘဲမြင်ရသော မြင်ကွင်းကြောင့် မကျင်လွမ်ပါးစပ် အဟောင်းသားဖြစ်သွား၏။

ကိုယ့်မျက်လုံးကို ကိုယ်မယုံနိုင်ဖြစ်သွား၏။

စိုးအောင်သည် ခေါင်းတွင်နားကြပ်တစ်ခုကို တပ်ဆင်ထားပြီး ရေဒီယို အသံလွှင့်စက် ရှေ့မှာ ထိုင်နေ၏။

မကျင်လွမ်သည် ထိုမြင်ကွင်းကို ကြည့်ပြီး ဂျပန်တို့၏ ဝါဒဖြန့်စာရွက်များတွင် ပါဝင်သော ရေဒီယို အသံဖမ်းစက်ရှေ့ရှိ သူလျှိုတစ်ယောက်၏ ပုံသဏ္ဍာန်ကို မြင်ယောင်လာ၏။

မကျောင်လွှမ်က

“ အမယ်လေး … ငါ့သူလျှိုတစ်ယောက်ကို အိမ်ငှားလိုက်မိပြီ ”

ဟု အထိတ်တလန့် ရေရွတ်လိုက်၏ ။

မကျောင်လွှမ်၏ အသံကြောင့် စိုးအောင်သည် အနောက်သို့ လှည့်ကြည့်ပြီး ရုတ်တရက် ခုန်ထလေ၏ ။

မကျောင်လွှမ်က

“ ဟင် … ရှင် … ရှင်ဟာ သူလျှို … သူလျှိုပဲ ရှင့်ကို … ရှင့်ကို … ”

ဟု အထိတ်တလန့် ရေရွတ်နေစဉ် အနီးကိုစိုးအောင်တိုးကပ်လာပြီး လေသံတိုးတိုးဖြင့်

“ ဘာလို့ အလောတကြီး ဝင်လာတာလဲဗျာ၊ ခင်ဗျားကြောင့် ကျုပ်မလုပ်ချင်တဲ့အလုပ်ကို လုပ်ရတော့မယ် ”

ဟုပြောပြီး သူမ၏ ကိုယ်ကို သိုင်းဖက်ကာ ရင်ဘတ်ကို စူးရှသော အရာတစ်ခုဖြင့် ထိုးစိုက်လိုက်လေ၏ ။

မကျောင်လွှမ်က နာကျင်စွာ အော်ဟစ်လိုက်သော်လည်း သူမ၏ အသံအပြင်သို့ ထွက်မလာခဲ့ချေ။

စိုးအောင်က သူမ၏ ခန္ဓာကိုယ်ကို ထိန်းပြီး ကြမ်းပေါ်သို့ ဖြည်းညှင်းစွာ ချလိုက်ရာ သွေးများ မြင်မကောင်းအောင် ထွက်ကျလာ၏ ။

စိုးအောင်က ထိုမြင်ကွင်းကို စိတ်မသက်သာဟန်ဖြင့်ကြည့်လိုက်ပြီး ခေါင်းခါယမ်းလိုက်လေ၏ ။

မကျောင်လွှမ်အခန်းထဲသို့ တစ်မိနစ်လောက် နောက်ကျပြီး ဝင်လာလျှင် ယခုကဲ့သို့ အသက်ပေးစရာမလိုချေ။

ယခုတော့ လူတစ်ယောက်၏ အသက်ကို ဖက်ကလေးတစ်ရွက်ကဲ့သို့ နင်းချေလိုက်ရချေပြီ။

စိုးအောင်က မကျင်လွမ်ကို ကြည့်ရင်း

“ ကံစိုးရှာတဲ့မိန်းမပါလား ”

ဟု ရေရွတ်ကာ ရေဒီယို အသံလွှင့်စက် ရှိရာသို့ ပြန်လာပြီး ပို့လက်စ သတင်းကို ဆက်ပို့လေ၏ ။

♥ ♥ ♥

ပျဉ်မနား သစ်တောကျောင်းအနီးရှိ ဂျပန်စစ်တန်းလျားများနှင့်လက်နက်အင်အား ခန့်မှန်းချက်ကို ရေးပို့လိုက်ပြီး နောက်သူ၏ ထုံးစံအတိုင်း

“ အမေစု ကျမ်းမာပါစေ ”

ဟု အဆုံးသပ်ကာ သတင်းကို ပိတ်လိုက်လေ၏ ။

ပြီးနောက် ရေဒီယို အသံလွှင့်စက်ကို အိတ်ထဲသို့ ထည့်လိုက်ကာ ခွေခွေလေးလဲကျနေသော မကျင်လွမ်ကို တစ်ချက်စောင်းငဲ့ကြည့်လိုက်၏ ။

သူမသည် ချောမောလှပပြီး ဖြူဖြူဖွေးဖွေးရေဆေးငါးကဲ့သို့ တက်မက်ဖွယ်အတိဖြစ်နေသဖြင့် မကျင်လွမ်ကို အရကြံချင်သော ယောကျ်ားသားများ မြောက်မြားစွာရှိနေနိုင်၏ ။

ထိုယောကျ်ားသားများတွင် မိမိလည်း ပါဝင်နိုင်၏ ။

စိုးအောင်သည် အတွေးဆုံသည်နှင့် မကျင်လွမ်၏ အနီးသို့ တိုးကပ်ကာ အင်္ကျီနှင့်ထဘီကို ဆုတ်ဖြဲလိုက်၏ ။

သူမ၏ ဖြူဖွေးနုအိသော အသားစိုင်များပေါ်လာသောအခါ မျက်နှာလွှဲပြီး ထိုင်ရာမှ ထရပ်လိုက်လေ၏ ။

ထိုမျှလောက်ဆိုလျှင် ရန်ကုန်ပုလိပ်အဖွဲ့ကို လှည့်စားဖို့ လုံလောက်လေပြီ။

မကျင်လွမ်သည် မိမိကို မြူဆွယ်ရန် ရည်ရွယ်ချက်တစ်ခုတည်းဖြင့် ရောက်ရှိလာပုံရ၏ ။

သူမ၌ သော့ပိုတစ်ချောင်းရှိနေခြင်းကို မိမိရိပ်စားမိဖို့ကောင်း၏ ။

စိုးအောင်သည် မိမိကိုယ်မိမိ အပြစ်တင်လိုက်မိ၏ ။

မကျင်လွမ်၏ အလောင်းကို ပုလိပ်အဖွဲ့က စစ်ဆေးပြီးသောအခါ လိင်ဖောက်ပြန်သူတစ်ဦး၏ လက်ချက်ဟု ယူဆပေလိမ့်မည်။

စိုးအောင်သည် ညအမှောင်လွှမ်းသော အချိန်ကိုစောင့်ပြီး မကျင်လွမ်၏ ဘုန်းကြီးလမ်းအိမ်မှ ထွက်ခွာရန် ဆုံးဖြတ်လိုက်လေ၏ ။

အင်းစိန်ဘက်၌ မိမိငှားရမ်းထားသော အိမ်တစ်လုံးရှိလေ၏ ။

ထိုအိမ်သို့ အမြန်ဆုံး ပြောင်းရွှေ့ပြီး နယ်လှည့်ဆေးဆရာဘဝကို ပြောင်းလဲရမည်။

ပုလိပ်များ မိမိအနောက်သို့အလွယ်တကူ သဲလွန်စကောက်ပြီး လိုက်ပါရန် မဖြစ်နိုင်ချေ။

အဘယ်ကြောင့်ဆိုသော် အင်းစိန်၌ နေထိုင်သော နယ်လှည့်ဆေးဆရာဘဝနှင့် ရန်ကုန်မြို့လယ်ခေါင်ရှိ ဆန်ကုန်သည် တစ်ယောက်၏ ဘဝမှာ များစွာ ခြားနားလှ၏ ။

မည်သို့ပင်ဖြစ်စေ ပုလိပ်အဖွဲ့က သဲလွန်စ မကောက်နိုင်အောင် မိမိအစွမ်းကုန် ကြိုးပမ်းရဦးမည်။

မကျင်လွှမ် ရမ္မက်ဇောကြွပြီး မိမိ၏ ခေါင်းမိုးထပ်သို့ တက်လာခြင်းသည်ပင် မှားယွင်းမှုဖြစ်၏။

ညအမှောင်လွှမ်းလာသောအခါ စိုးအောင်သည် လန်ချားတစ်စီးကို ငှားရမ်းကာ ကွမ်းခြံဘူတာကြီးသို့ ထွက်ခဲ့လေ၏။

ကွမ်းခြံဘူတာကြီးမှ အင်းစိန်သို့ မြို့ပတ်ရထားစီးခဲ့လေ၏။

♥ ♥ ♥

တစ်နေ့သ၌ ကိုသီဟနှင့် မစိန်ဆင်၏ မင်္ဂလာဆွမ်းကျွေးကို ခြောက်ထပ်ကြီးဘက်ရှိ ဘုန်းကြီးကျောင်းတစ်ကျောင်း၌ ကျင်းပဖြစ်ခဲ့၏။

သူတို့နှစ်ဦးစလုံး နှစ်ဘက်မိဘဆွေမျိုးမရှိတော့သဖြင့် မစိန်ဆင် ဈေးရောင်းရာ ကျောက်မြောင်းဈေးရှိ ဈေးသူဈေးသား အနည်းငယ်သာ မင်္ဂလာဆွမ်းကျွေးသို့လာရောက်ချီးမြှင့်ကြလေ၏။

မစိန်ဆင်သည် မိဘနှစ်ပါး၏ လက်ငုတ်ဖြစ်သော မြန်မာဆေးအရောင်းဆိုင်ကို ကျောက်မြောင်းဈေး၌ ဖွင့်လှစ်ထားပြီး ကိုသီဟတစ်ယောက်ဆေးဆိုင်သို့ ဈေးလာဝယ်ရင်းဖူးစာဆုံခဲ့ခြင်းဖြစ်၏။

ကိုသီဟ၏ ဇာတိမှာ မြန်မာပြည်အောက်ဖြာ၊ တနင်္သာရီဒေသဖြစ်ပြီး ရန်ကုန်မြို့သို့ ကုန်ရောင်းကုန်ဝယ် လာရောက်ရင်း ရေကြည်ရာမြက်နုရာရှာဖွေစားသောက်နေသူဖြစ်၏။

ကိုသီဟနှင့် မစိန်ဆင်တို့ စုံတွဲသည် မင်္ဂလာပွဲ ကျင်းပပြီးနောက် ကျောက်မြောင်းရပ်ကွက် မလွှကုန်းလမ်းရှိ ငှားရမ်းထားသောအိမ်လေးကို ပြန်ခဲ့ရာ မစိန်ဆင်နှင့် ရင်းနှီးသော ဈေးသူဈေးသားအချို့က သူတို့အနောက်ကလိုက်ပါပြီး ပျော်ရွှင်စွာ ပို့ဆောင်ကြလေ၏။

ဈေးသူဈေးသားများအနက် ကိုသန်းနိုင်ဆိုသော လူပျိုကြီးက မလှကုန်းလမ်းရှိ အိမ်ကလေးကိုဦးစွာ ရောက်နှင့်နေပြီး ကိုသီဟနှင့် မစိန်ဆင်တို့စုံတွဲအားခဲဘိုးငါးကျပ်ပေးမှ အိမ်ထဲသို့ ဝင်ခွင့်ပြုမည်ဖြစ်ကြောင်း ပြောဆိုလေရာ ကျန်သောဈေးသူဈေးသားများကလည်း ပျော်ရွှင်စွာ ထောက်ခံကြလေ၏။

ထိုအခါ မစိန်ဆင်က လူပျိုကြီး ကိုသန်းနိုင်ကို မျက်စောင်းထိုးပြီး

" လူပျိုးကြီးနော်... သူများ စုံတွဲတွေကို မအနှောက်အယှက်ကြပ်ကြပ်လုပ် ကိုယ့်အလှည့်မရောက်ဘဲ ငှက်ပျောတုံးနဲ့ ဖက်နေရမယ် "

ဟုပြောလိုက်ရာ ဈေးသူဈေးသားများသည် သဘောကျဟန်ဖြင့် ရယ်မောကြကုန်၏။

ကိုသီဟကမူ ညားကာစ အသစ်စက်စက် ချစ်ဇနီးကလေးဖြင့် အေးအေးလူလူနေချင်လှပြီဖြစ်သဖြင့် လူပျိုကြီးတောင်းဆိုသော ငွေငါးကျပ်ပင့်ကို မဆစ်ဝံ့တော့ဘဲပေးရန် သဘောတူလိုက်ရာ ဈေးသူဈေးသားများသည် ပျော်ရွှင်စွာ ဩဘာပေးပြီး ကျောက်မြောင်းဈေးသို့ ပြန်သွားလေ၏။

♥ ♥ ♥